## အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy–NES) အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ

၁။ အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာ (National Export Strategy – NES) ရေးဆွဲအကောင်အထည်ဖေါ်ရေးလုပ်ငန်းစီမံချက်ကို ၂၀၁၃ ခုနှစ်အစောပိုင်းကာလကပင် ဂျာမဏီ နိုင်ငံ GIZ ၏ အထောက်အပံ့နှင့်နိုင်ငံတကာကုန်သွယ်မှုစင်တာ (International Trade Center – ITC) ၏ နည်းပညာအကူအညီတို့ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ NES အားရေးဆွဲအကောင်အထည် ဖော်ရာတွင် အကြိုညှိနှိုင်းဆွေးနွေးခြင်း (Pre–Engagement Phase)၊ အသေး စိတ်ညှိနှိုင်းခြင်း (Inception Phase)၊ မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်း (Design Phase) နှင့် အကောင်အထည်ဖော် ဆောင်ခြင်း (Implementation Management Phase) အဆင့် ၄ ဆင့်တို့ချမှတ်၍ သက်ဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ (၃) ကြိမ်ကျင်းပခဲ့ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာအတွက် မျှော်မှန်းချက်၊ ဦးတည်ချက်များ ရရှိရေး၊ ဦးစားပေးအကောင်အထည်ဖော်မည့် ကဏ္ဍများရွေးချယ်ရေး၊ ကဏ္ဍအလိုက် မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် အသေးစိတ်လုပ်ငန်းစီမံချက် များရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၃။ NES အတွက် ရွေးချယ်ထားသောအကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးစားပေးကဏ္ဍများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **ဦးစားပေးကဏ္ဍများ (ကုန်စည်) (Priority Sector–Goods) (၅) မျိုး**

(၁) ဆန်စပါး

(၂) ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ

(၃) ရေထွက်ကုန်လုပ်ငန်း

(၄) အထည်အလိပ်နှင့် အဝတ်အထည်

(၅) သစ်တောထွက်ပစ္စည်း

(ခ) **ဦးစားပေးကဏ္ဍများ (ဝန်ဆောင်မှု) (Priority Sector–Services) (၁) မျိုး**

ခရီးသွားလုပ်ငန်း

(ဂ) **ဖွံ့ဖြိုးရန်အလားအလာရှိသည့်ကဏ္ဍ (Emerging Sector) (၁) မျိုး**

(၁) ရော်ဘာလုပ်ငန်း

(ဃ) **ဦးစားပေးကဏ္ဍများကိုအထောက်အကူပြုဝန်ဆောင်မှုကဏ္ဍများ (Cross-Sector) (၄) မျိုး**

(၁) ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး

(၂) ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှု

(၃) အရည်အသွေးစီမံခန့်ခွဲမှု

(၄) ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့်ထောက်ပံ့ပို့ဆောင်ရေး

၄။ ဦးစားပေးကဏ္ဍတစ်ခုခြင်းအတွက် မဟာဗျူဟာရေးဆွဲခဲ့ရာတွင် ထုတ်လုပ်ရောင်းချမှုပိုင်း (Supply Side)၊ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ပိုင်း (Business environment)၊ ဈေးကွက်ဝင် ရောက်မှုပိုင်း(Market entry) တို့တွင် တွေ့ကြုံရသော စိန်ခေါ်မှုအခက်အခဲများကို လေ့လာဆန်းစစ်၍ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ချမှတ်ထားပြီးဖြစ်ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ရွေးချယ်ထားသောဦးစားပေး ကဏ္ဍအလိုက် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ရာ အကောင်အထည်ဖော်မည့်ကာလ ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၅ နှစ်ကာလ သတ်မှတ်လျာထားပါသည်။

၅။ အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်သည့် အခမ်း အနားကို ၂၀၁၅ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် နိုင်ငံတော်ဒုတိယသမ္မတ-၂ မှ တက်ရောက်ချီးမြှင့်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ တစ်ဆက်တည်းတွင် မြန်မာ့ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပြီး ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

၆။ အမျိုးသားပို့ကုန်မဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်လျှက် ရှိသည့် စီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကယားပြည်နယ်အခြေပြုအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်ကို နယ်သာလန်နိုင်ငံ CBI ၏အထောက်အပံ့နှင့် ITC ၏ နည်းပညာအကူအညီကို ရယူကာ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ ကယားပြည်နယ်အား ဦးတည်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။
- ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စံချိန်စံညွှန်းနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ချောမွေ့စေရေးအဖွဲ့

(Standard and Trade Development Facility–STDF) မှ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ (၃) နှစ် စီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

- ကယားပြည်နယ် အခြေပြုခရီးသွားလုပ်ငန်း NTFIII စီမံကိန်းအောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့ပြီး ဆက်လက်၍ CBI မှ ရန်ပုံငွေထောက်ပံ့မှုဖြင့် ၂၀၁၈ ခုနှစ်မှ စတင်၍ NTF IV စီမံကိန်းအသစ်ကို မြန်မာနိုင်ငံအတွင်း အလားအလာရှိသည့်ဒေသ တစ်ခုတွင် ဟိုတယ်/ခရီး ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ (၃)နှစ် စီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။
- ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံ မှု အစီ အစဉ် (Trade and Investment Programme –TIP) ကိုရွေးချယ်ထားသည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များ (မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ တနင်္သာရီ၊ မွန်နှင့် ကယား ပြည်နယ်) တို့တွင် UK နိုင်ငံ DFID ၏ရန်ပုံ ငွေထောက်ပံ့မှုနှင့်ITC ၏နည်းပညာအကူ အညီဖြင့်၂၀၁၈ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ ၃နှစ်စီမံကိန်း အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်း တန်ဘိုး မှာစတာလင်ပေါင်၄သန်းဖြစ်ပါသည်။
- ဆွစ်ဇာလန်နိုင်ငံအစိုးရ၊Swiss State Secretariat for Economic Affairs (SECO) ၏ရန်ပုံငွေထောက်ပံ့မှုဖြင့်မြန်မာနိုင်ငံတွင်ဆင်းရဲမှုလျော့ချရေး၊အလုပ်အကိုင်ဖန်တီး ပေးရေးနှင့်မြန်မာ့ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တန်ဖိုး ကွင်းဆက်တစ်ခုဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ Trade Sector Development Programme: Upgrading Horticulture Capacity and Responsible Tourism to Develop Business Linkages စီမံကိန်းကိုဥယျာဉ်ခြံစိုက်ပျိုးခြင်းနှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာအရှိဆုံးဒေသဖြစ်သောရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိအင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ UNOPS, UNIDO, ITC, UNCTAD နှင့် ILO တို့ကစီမံကိန်း အကောင် အထည်ဖော်မည့်အဖွဲ့အစည်းများအဖြစ်ဆောင်ရွက်မည်ဖြစ်ပါသည်။စီမံကိန်းတန်ဘိုး မှာ CHF ၄,၈၉၆,၅၁၁ ဖြစ် ပါသည်။

၇။ ဦးစားပေးကဏ္ဍများအလိုက် မျှော်မှန်းချက်၊ ဦးတည်ချက်များအရ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းတစ်ခုချင်းကို ရန်ပုံငွေရရှိမှုအပေါ်အခြေခံ၍ အကောင်အ ထည်ဖော်နိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် နိုင်ငံတော်ဘတ်ဂျက်၊ ပုဂ္ဂလိက

ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်မှု၊ နိုင်ငံတကာအကူအညီ စသည့် အစီအစဉ်များဖြင့် ရန်ပုံငွေ ဖြည့်တင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၈။ အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် အကောင်အထည်ဖော်ရေး ကော် မတီများကို အစိုးရ-ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားရှိပြီး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များနှင့် ရုံးအဖွဲ့များကိုလည်းဖွဲ့စည်းဆောင်ရွက်ထားပါသည်။ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ နိုင်ငံတော် ဘက်ဂျက်တင်ပြတောင်းခံခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ အကူအညီရရှိရေး စီမံကိန်းအဆိုပြုလွှာများ ပြင်ဆင်ဆွေးနွေးခြင်းတို့ကို အကောင်အထည်ဖော်ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၉။ အမျိုးသားပို့ကုန်မဟာဗျူဟာ**(၂၀၁၅-၂၀၁၉)** တွင် ထပ်မံထည့်သွင်း အကောင်အထည် ဖော်ဆောင်ရွက်သည့် ကဏ္ဍသစ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ(Agro-food processing )

(ခ) ကျောက်မျက်နှင့်လက်ဝတ်ရတနာ ကဏ္ဍ (Gems and Jewellery)

(ဂ) သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ(Fruits and Vegetables)

(ဃ) လက်မှုအနုပညာပစ္စည်း ကဏ္ဍ (Handicraft)

(င) ဒစ်ဂျစ်တယ်ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ(Digital Economy)

၁၀။ အဆိုပါကဏ္ဍများအနက်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍနှင့်မြန်မာ့လက်မှု အနုပညာပစ္စည်းကဏ္ဍပို့ကုန် မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေး နှင့်ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ(Multi- Stakeholders)အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လနှင့် အောက်တိုဘာလများအတွင်း ကျင်းပပြုလုပ်ခဲ့ပြီး သရက်၊ ဖရဲ၊ သခွားမွှေး၊ လက်ဖက်၊ ကျွဲကော၊ စားသုံးမှို၊ အုန်းသီး၊ အာလူး၊ ငှက်ပျော၊ ထောပတ်၊ ပန်းမာလ်၊ ရှောက် သံပုရာ၊ ဝဥ၊ ချဉ်ပေါင်ဖာလာ၊ နာနတ်၊ ဇီးပန်းသီးနှင့် အခြားသီးနှံ ကဏ္ဍများ အတွက် Vision, Objectives, Supply Side Issues, Business Environment and Market Entry မူကြမ်းများကို ရေးဆွဲဖော်ထုတ်နိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊စက်တင်ဘာ ၂၅ ရက်နေ့တွင် ဖရဲသခွားမွှေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး Vision, Objectives, Supply Side Issues, Business Environment and Market Entry မူကြမ်းများရေးဆွဲဖော်ထုတ်ခဲ့ပါသည်။

၁၁။ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍအတွက် DANA Facility မှ ချင်းပြည်နယ် တောင်ပိုင်းနှင့် ရှမ်းပြည်နယ်တွင် National Avocado Export Strategy နှင့်Standard

Development of Elephant Foot Yam (၃)နှစ်စီမံကိန်းနှစ်ခုကို အကောင်အထည် ဖော်နိုင်ရန်အတွက်ကူညီပံ့ပိုးပေးလျှက်ရှိပါသည်။

၁၂။ လက်မှုအနုပညာပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၈ရက်နှင့်၃ရက်နေ့များတွင် အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း၊ ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၃ ရက်နှင့်၂၀၁၈ခုနှစ်၊ဩဂုတ်လ၂၁ရက်နေ့များတွင် လက်မှုအနုပညာပစ္စည်းကဏ္ဍတွင် ပါသည့် ဦးစားပေးအမည်များရွေးချယ်ပြီးနောက် ရွေးချယ်ထားသည့် ဦးစားပေးလုပ်ငန်းများ အလိုက်ကော်မတီဖွဲ့စည်းရေးဆောင်ရွက်လျက်ရှိခြင်း၊ တင်ပို့မည့် သစ်တောထွက်ကုန်များအတွက် ကုန်ပစ္စည်း၏ တန်ဖိုးကို ဒေါ်လာ၅၀၀မှ၁၀၀၀ထိတိုးမြှင့်သတ်မှတ်ရေးနှင့် Cash Memo စနစ်ကို သစ်တောဦးစီးဌာနမှဆောင်ရွက်ရန်တို့ကို ဆွေးနွေးညှိနှိုင်းရရှိခဲ့ပါသည်။ ဦးစားပေး အစုအဖွဲ့(၁၀)ခု၏အမည်စာရင်းများကိုလည်း အောက်ပါအတိုင်း ရွေးချယ် သတ်မှတ်နိုင်ခဲ့သည်-

(က) သစ်လက်မှုအနုပညာပစ္စည်းနှင့်ပန်းပုအစုအဖွဲ့

(ခ) ဝါး၊ကြိမ်၊ဗေဒါအစုအဖွဲ့

(ဂ) ရိုးရာအသုံးအဆောင်ပစ္စည်းများအစုအဖွဲ့

(ဃ) ငွေထည်၊ကြေးထည်အစုအဖွဲ့

(င) တန်ဖိုးနည်းကျောက်နှင့်ပယင်းအလှဆင်လုပ်ငန်းအစုအဖွဲ့

(စ) ကနုကမာအစုအဖွဲ့

(ဆ) ယွန်းထည်အစုအဖွဲ့

(ဇ) ယက္ကန်းထည်၊ရွှေချည်ထိုးနှင့်ရုပ်သေးရုပ်အစုအဖွဲ့

(ဈ) အုန်း၊ထန်းလက်မှုအနုပညာပစ္စည်းအစုအဖွဲ့

(ည) ပြန်လည်အသုံးချအလှဆင်ပစ္စည်းအစုအဖွဲ့

၁၃။ အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၁၅-၂၀၁၉)ကဏ္ဍအလိုက် **လုပ်ငန်းစီမံချက်များ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအရ ပို့ကုန်ဝင်ငွေတိုးတက်မှုများ အထူးသဖြင့် ဆန်စပါး၊ အထည်အလိပ်နှင့်အဝတ်အထည်၊ ရေထွက်ကုန်ပစ္စည်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့တွင် ရရှိခဲ့ပါသည်။ ဆက်လက်၍** အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)**ကို ပို့ကုန်အမယ်စုံတင်ပို့နိုင်ရေး ရည်မှန်းလျက် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုနှင့်နည်းပညာမြှင့်တင်ဆောင်ရွက်ခြင်းတို့ဖြင့် ဟန်ချက်ညီစွာဖွံ့ဖြိုး တိုးတက်စေရေးကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။**